E.N.C. Ethnic Nationalities Council (Union of Burma)
တိုင်းရင်းသားလူမျိုးများကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ)
**Constitutional Affairs Committee**
P.O Box 101, Mae Sot, Tak 63110, Phone & Fax +66 (0) 55 536 757, Email- enccac@yahoo.com

# The 6th State Constitutions Seminar
## Statement

# ဆဋ္ဌမအကြိမ်မြောက် ပြည်နယ်များဖွဲ့စည်းပုံ အခြေခံဥပဒေနှီးနှောဖလှယ်ပွဲ
## ထုတ်ပြန်ကြေငြာချက်

တိုင်းရင်းသားလူမျိုးများကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ)၏ လုပ်ငန်းကော်မတီတစ်ရပ်ဖြစ်သော ဖွဲ့စည်းပုံ အခြေခံဥပဒေရေးရာကော်မတီက ကြီးမှူး၍ ဆဋ္ဌမအကြိမ်မြောက် ပြည်နယ်များ ဖွဲ့စည်းပုံ အခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရေးကော်မတီများ၏ မျက်နှာစုံညီ နှီးနှောဖလှယ်ပွဲတရပ်ကို လွတ်မြောက် နယ်မြေ တစ်နေရာတွင် သက္ကရာဇ်၂၀၀၇ ခုနှစ် ဇူလိုင်လ (၁၆) ရက်မှ (၂၀) ရက်နေ့အထိ (၅) ရက်ကြာ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါသည်။

တိုင်းရင်းသားလူမျိုးများကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ) ၏ ဥက္ကဋ္ဌကြီး ပဒိုစောဘသင်စိန်မှ အစည်းအဝေးကို ဦးဆောင်ဖွင့်လှစ်ပေးခဲ့ပြီးနောက် ရခိုင်၊ ချင်း၊ ကချင်၊ ကရင်၊ ကရင်နီ၊ မွန်နှင့် ရှမ်း ပြည်နယ် (၇) ပြည်နယ်မှ (မူကြမ်း) ရေးဆွဲရေးကော်မတီအဖွဲ့ဝင်များ၊ အထူး ဧည့်သည်တော်များ၊ လေ့လာသူများ စုစုပေါင်း (၅၄) ဦး စုံစုံညီညီပါဝင်တက်ရောက်ပြီး၊ ရင်းနှီးပွင့်လင်းစွာနှင့် လွတ်လပ်စွာ ဆွေးနွေးခဲ့ကြပါသည်။

နိုင်ငံခြားပညာရှင်များအဖြစ် အမေရိကန်ပြည်ထောင်စု၊ အင်ဒီးယားနား တက္က သိုလ်၊ ဥပဒေပါမောက္ခ (၂) ဦးနှင့် ဖက်ဒရယ်တရားသူကြီးတစ်ဦးအပါအဝင် အဖွဲ့ဝင် (၆) ဦးက ဦးဆောင် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။

နှီးနှောဖလှယ်ပွဲ၏ ပထမပိုင်းတွင် ပြည်နယ်အသီးသီးမှ ပြုစုရေးဆွဲထားသော ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) တစောင်ချင်းစီ၏ အားသာချက်၊ အားနည်းချက်များ၊ တစောင်နှင့်တစောင်အကြား တူညီမှု၊ ကွာခြားမှုများကို အကြေအလည် ညှိနှိုင်းဆွေးနွေးခဲ့သည်။ ဒုတိယပိုင်းတွင်မူ ပြည်နယ်အသီးသီး၏ မူကြမ်းများကို ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေးနှင့်ညှိနှိုင်းမှုကော်မတီက ပြုစုရေးဆွဲထားသော ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ၏ပြဌာန်းချက်များနှင့် အခန်းအလိုက် တိုက်ဆိုင်လေ့လာခြင်း ဖြစ်သည်။ အထူးပြုလေ့လာဆွေးနွေးကြသော အခန်းများမှ အာဏာခွဲဝေခြင်း၊ ပုဂ္ဂလိက အခွင့်အရေးများ၊ ကျားမတန်းတူရေးဆိုင်ရာ အခြေခံသဘောတရားများ၊ ပြည်ထောင်စုနှင့် ပြည်နယ်တရားစီရင်ရေးများ၊ အရေးပေါ် အခြေအနေ၊ လုံခြုံရေး တပ်ဖွဲ့နှင့် ပြည်ထောင်စု လက်နက်ကိုင်တပ်ဖွဲ့များဆိုင်ရာ ကဏ္ဍများဖြစ်ကြသည်။

ယခုဆဋ္ဌမအကြိမ်မြောက် ပြည်နယ်များ ဖွဲ့စည်းပုံအခြေခံဥပဒေ နှီးနှောဖလှယ်ပွဲသည် သာမန်အားဖြင့် ဥပဒေရေးရာများကို အဓိကထားဆွေးနွေးခဲ့ကြသော်လည်း ပြည်နယ်အသီးသီး၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရေးကော်မတီဝင်များသည် တဖက်က ပြည်နယ်ရှိ နိုင်ငံရေးဦးဆောင်အဖွဲ့အစည်းများ၏အဖွဲ့ဝင်များ ဖြစ်ကြ သည့် အတွက် တိုင်းရင်းသားလူမျိုးများ စည်းလုံးညီညွတ်မှုကိုပြသည့် နှီးနှောဖလှယ်ပွဲတရပ်ဟုလည်း မှတ်ယူ နိုင်ပေသည်။

နိဂုံးချုပ်အားဖြင့် အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်အခွင့်အရေးကို ကိုင်စွဲသော ပြည်နယ်များဖြင့် ပါဝင်ဖွဲ့စည်းထားသည့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးသည် အဓိကနိုင်ငံရေး ရည်မှန်းချက် ဖြစ်ကြောင်း ထပ်မံ အားသစ်လောင်းပေးလိုက်သည့် ညီလာခံကြီးတရပ်ကြောင်း တင်ပြရင်း အလေးအနက် ထုတ်ပြန်ကြေငြာ လိုက်ရပါသည်။

**အာမခံချက်ရှိသော ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေတရပ် ပေါ်ပေါက်ရေးမှသည်—**
**စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးသို့–**

**ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာကော်မတီ**
**တိုင်းရင်းသားလူမျိုးများကောင်စီ**
**(ပြည်ထောင်စုမြန်မာနိုင်ငံ)**
သက္ကရာဇ် ၂၀၀၇ ဇူလိုင်လ (၂၀) ရက်

Contact Person
Col. Hkun Okker (Team Leader) : +66 (0) 86 1825 117
Mahkaw Hkun Sa (Deputy Team Leader): +66 (0) 84 3664 238